NYIC

Asian American Federation

# ထရမ့်အစိုးရ၏ ၂၀၂၆ ခုနှစ် ပြည်သူ့ဝန်ထုပ်ဝန်ပိုး စည်းမျဉ်း (Public Charge Rule) ကြောင့် ရွှေ့ပြောင်းနေထိုင်သူများ အပေါ် မည်သို့ သက်ရောက်နိုင် သလဲ။

ဩဂုတ်လ ၂၀၂၆

**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ထရမ့် အစိုးရသည် ရွှေ့ပြောင်းနေထိုင်သူများ၏ လူနေမှု အဆင့်အတန်းကို ပြုပြင် ပြောင်းလဲ နိုင်စွမ်း၊ ဗီဇာဖြင့် အမေရိကန် ပြည်ထောင်စုသို့ ဝင်ရောက်နိုင်စွမ်းနှင့် အများပြည်သူဆိုင်ရာ အကျိုး ခံစားခွင့် များကို ရယူနိုင်စွမ်း တို့ကို ကန့်သတ်မည့် ဖယ်ဒရယ် စည်းမျဉ်း တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ဤစည်းမျဉ်းကို “ပြည်သူ့ဝန်ထုပ်ဝန်ပိုး” ဟု ခေါ်ဆိုကြပြီး ၎င်း၏ တရားဝင် အမည်မှာ “ပြည်ဝင်ခွင့် မရှိသော ပြည်သူ့ဝန်ထုပ်ဝန်ပိုး သတ်မှတ်ချက်” စည်းမျဉ်း ဖြစ်ပါသည်။ အဆိုပါ စည်းမျဉ်းသည် ယခုလက်ရှိ မသက်ရောက် သေးသော်လည်း ရွှေ့ပြောင်း နေထိုင်သူများ များစွာ အပေါ် သက်ရောက်မှု ရှိလာနိုင်ချေ ရှိပါသည်။**

## "ပြည်သူ့ဝန်ထုပ်ဝန်ပိုး”နှင့် “ပြည်ဝင်ခွင့် မရှိ” ဆိုသည်မှာ အဘယ်နည်း။

"ပြည်သူ့ဝန်ထုပ်ဝန်ပိုး" ဆိုသည်မှာ အသက်ရှင် ရပ်တည်ရန် အတွက် အစိုးရ၏ အကူအညီ အပေါ် မှီခိုနေရသူများကို ရည်ညွှန်းသည့် ဥပဒေရေးရာ ဝေါဟာရ တစ်ခု ဖြစ်သည်။ ၁၈၈၀ ပြည့်လွန် နှစ်များ ကတည်းက အမေရိကန် လူဝင်မှုကြီးကြပ်ရေး ဥပဒေတွင် "ပြည်သူ့ဝန်ထုပ်ဝန်ပိုးတစ်ခု အချိန်မရွေး ဖြစ်လာ နိုင်ခြေရှိသူ" ဟု သတ်မှတ် ခံရသူများကို အမေရိကန် နိုင်ငံ အတွင်းသို့ တရားဝင် ဝင်ရောက်ခွင့် မပြုရန်နှင့် နိုင်ငံ အတွင်း ရောက်ရှိ ပြီးနောက် ၎င်းတို့၏ အခြေအနေကို ပြောင်းလဲခွင့် မပြုရန် တားမြစ် ထားသော ဥပဒေ ပြဋ္ဌာန်းချက်များ ရှိခဲ့သည်။ အမေရိကန် နိုင်ငံ အတွင်းသို့ တရားဝင် ဝင်ရောက်ခြင်းကို ပြည်ဝင်ခွင့်ဟု ခေါ်ဆိုကြပြီး ဥပဒေအရ ပြည်သူ့ဝန်ထုပ်ဝန်ပိုး တစ်ခု ဖြစ်လာ နိုင်ခြေ ရှိခြင်းသည် နိုင်ငံ အတွင်းသို့ ဝင်ရောက်ခွင့် ငြင်းပယ်ရန် အကြောင်းရင်း သို့မဟုတ် "ပြည်ဝင်ခွင့် မရှိသော အကြောင်းပြချက်"တစ်ရပ် ဖြစ်သည်။ အကယ်၍ အမေရိကန် အစိုးရက တစ်စုံတစ်ဦးသည် (၁၉၉၉ ခုနှစ်က သတ်မှတ်ချက်အရ အစိုးရ၏ ငွေကြေး အကူအညီ သို့မဟုတ် အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ရေရှည် စောင့်ရှောက်ရေး အဖွဲ့အစည်း ဆိုင်ရာ ဝန်ဆောင်မှုများကို "အဓိကထား မှီခိုနေရသူ" ဟု ယခင်က အဓိပ္ပာယ် ဖွင့်ဆို ထားခဲ့သော) ပြည်သူ့ဝန်ထုပ်ဝန်ပိုး တစ်ခု ဖြစ်လာနိုင်သည်ဟု ဆုံးဖြတ်ခဲ့ပါက ထိုသူသည် ဗီဇာ သို့မဟုတ် ဂရင်းကတ် ရရှိရန် အရည်အချင်း မပြည့်မီပါ။

"ပြည်သူ့ဝန်ထုပ်ဝန်ပိုး" ဟူသော ဝေါဟာရကို ၁၉၉၉ ခုနှစ် ဖက်ဒရယ် စည်းမျဉ်းများတွင် အဓိပ္ပာယ် ဖွင့်ဆိုခဲ့ပြီး ယခင် ထရမ့်  အစိုးရ လက်ထက် အပါအဝင် ဖက်ဒရယ် စည်းမျဉ်းများ အရ အကြိမ်ကြိမ် ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ချမှတ်ခဲ့သော ကြာရှည်စွာ ကျင့်သုံးခဲ့သည့် အဓိပ္ပာယ် ဖွင့်ဆိုချက်အရ ပြည်သူ့ဝန်ထုပ်ဝန်ပိုးဆိုသည်မှာ အစိုးရ၏ ငွေကြေး အကူအညီ သို့မဟုတ် အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ရေရှည်စောင့်ရှောက်ရေး အဖွဲ့အစည်း ဆိုင်ရာ ဝန်ဆောင်မှုများကို "အဓိကထား မှီခိုနေရသူ" ကို ဆိုလိုသည်။



## စည်းမျဉ်း အသစ်ဆိုသည်မှာ အဘယ်နည်း။

အသစ်ပြဋ္ဌာန်းလိုက်သော ပြည်သူ့ဝန်ထုပ်ဝန်ပိုး စည်းမျဉ်း အသစ်တွင် အဓိကကျသော ပြောင်းလဲမှု နှစ်ရပ်ကို ရှိပါသည်-

- <u>ပထမ ဦးစွာ၊</u> ပြည်သူ့ဝန်ထုပ်ဝန်ပိုး အောက်တွင် အကျုံးဝင် နိုင်သည့် အကျိုးခံစားခွင့်များကို ခွဲခြားသတ်မှတ်ရာတွင် အသုံးပြုခဲ့သည့် စံနှုန်းဟောင်းများကို ဖယ်ရှားလိုက်ပါသည်။ ယခင် စံနှုန်းများသည် ငွေကြေးအကူအညီနှင့် အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရေရှည် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှု ဟူသော သီးသန့် အများပြည်သူ ဆိုင်ရာ အကျိုးခံစားနခွင့် နှစ်ခုတည်းဖြင့်သာ ကန့်သတ်ထားခဲ့သည်။ လက်ရှိ စည်းမျဉ်းတွင်မူ တိကျသေချာသော စံနှုန်းအသစ် တစ်စုံတစ်ရာကို ဖော်ပြထားခြင်း မရှိပါ။
- <u>ဒုတိယအနေဖြင့်၊</u> စည်းမျဉ်း အသစ်အရ အမေရိကန်နိုင်ငံသား ကလေးငယ်များ SNAP အကျိုးခံစားခွင့် ကဲ့သို့သော မိသားစုဝင်များ လက်ခံရရှိသည့် အကျိုးခံစားခွင့်များကိုပါ ထည့်သွင်း စဉ်းစား ခွင့်ပြုထားပါသည်။

စည်းမျဉ်း အသစ်အရ လူဝင်မှုကြီးကြပ်ရေး အရာရှိများသည် လူတစ်ဦးချင်းစီ၏ အခြေအနေများကို "အခြေအနေ အားလုံး စုပေါင်းခြင်း" အရ စဉ်းစားသုံးသပ်ရန် ညွှန်ကြားခံရပါမည်။ စတင် သက်ရောက်မည့် ရက်သို့ နီးကပ်လာသည်နှင့်အမျှ လမ်းညွှန်ချက် ပိုမို ရှင်းလင်းစွာ ထွက်ပေါ်လာပါမည်။

## ဒါက ဘာကို ဆိုလိုတာလဲ။

ပြည်သူ့ဝန်ထုပ်ဝန်ပိုး စည်းမျဉ်းအသစ်သည် အဆိုပါ စမ်းသပ် စစ်ဆေးမှုကို အသုံးချပုံတွင် သိသာထင်ရှားသော အပြောင်းအလဲ တစ်ခု ဖြစ်လာပါမည်။ လူဝင်မှုကြီးကြပ်ရေး အရာရှိများသည် လျှောက်ထားသူ၏ ကလေးများ အကျိုးခံစားခွင့်များကို ရယူနေခြင်း အပါအဝင် အကျိုးခံစားခွင့် အများအပြားကို ထည့်သွင်းစဉ်းစားရန် ညွှန်ကြားခံရမည်။ ရှင်းလင်းသော အဓိပ္ပာယ် ဖွင့်ဆိုချက် များကို ပယ်ဖျက်ခဲ့သော်လည်း အဓိပ္ပာယ် ဖွင့်ဆိုချက် အသစ်များဖြင့် အစားထိုးခြင်း မရှိသေးသောကြောင့် ဖြစ်ရပ် တစ်ခုချင်းအပေါ် ပြည်သူ့ဝန်ထုပ်ဝန်ပိုး သတ်မှတ်ချက်ကို အကဲဖြတ်ရာတွင် မညီမျှမှုများ ပိုများလာနိုင်ပါသည်။ ဤပြောင်းလဲမှုသည် နိုင်ငံသားများနှင့် နိုင်ငံသား မဟုတ်သူများ အကြား အများပြည်သူ ဆိုင်ရာ အကျိုး ခံစားခွင့်များကို အသုံးပြုမှု အပေါ် ခြောက်ခြား အားနာစေသော သက်ရောက်မှု (chilling effect) ရှိလာမည် ဖြစ်ပြီး မိသားစုများ အနေဖြင့် မရှိမဖြစ် လိုအပ်သော အများပြည်သူဆိုင်ရာ အစီအစဉ်များကို အသုံးမပြုရန် တွန်းအားပေးရာ ရောက်နိုင်ပါသည်။

## စည်းမျဉ်း အသစ်သည် မည်သည့်အချိန်တွင် သက်ရောက်မည်နည်း။

စည်းမျဉ်းအသစ်သည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် သက်ရောက်ပါမည်။

## စည်းမျဉ်းအသစ်သည် မည်သူ့ကို သက်ရောက်မှုရှိသနည်း။

- ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်မှစပြီး လူဝင်မှု ကြီးကြပ်ရေး အခြေအနေ ပြောင်းလဲရန် လျှောက်ထားကြသည့် ဂရင်းကတ် (Green Card) လျှောက်ထားသူများ။
- ထိုရက်မှစပြီး အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့် တောင်းခံနေသူများ။
- ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက် မတိုင်မီ ရယူခဲ့သော အကျိုးခံစားခွင့်များကို လက်ရှိ ၂၀၂၂ ခုနှစ် စည်းမျဉ်း အောက်တွင် ဆက်လက် ဆန်းစစ် သုံးသပ်သင့်သော်လည်း USCIS (အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားဖြစ်မှု ရုံး) ထံမှ နောက်ထပ် လမ်းညွှန်ချက်များ ထပ်မံ ထွက်ပေါ်လာမည်။

## ယခုအခါ မည်သည့် အကျိုးခံစားခွင့်များကို ထည့်သွင်း စဉ်းစားမည်နည်း။

စည်းမျဉ်းတွင် မည်သည့် အကျိုးခံစားခွင့်များကို ထည့်သွင်း စဉ်းစားမည်ကို တိတိကျကျ သတ်မှတ်ထားခြင်း မရှိပါ။ ယင်းအစား၊ စည်းမျဉ်းအသစ်အရ လူဝင်မှုကြီးကြပ်ရေး အရာရှိများသည် ငွေကြေး အကူအညီ သို့မဟုတ် အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ရေရှည် စောင့်ရှောက်ရေး အဖွဲ့အစည်း ဆိုင်ရာ ဝန်ဆောင်မှု ဟူသော ကျဉ်းမြောင်းသည့် အမျိုးအစားများ အစား "ဝင်ငွေအပေါ် အခြေခံသော ပြည်သူ့ အကျိုးခံစားခွင့် အားလုံး"ကို အခြေခံ၍ ပြည်သူ့ဝန်ထုပ်ဝန်ပိုး သတ်မှတ်ချက်ခွင့် ပေးထားသည်။

-စည်းမျဉ်းအသစ် သက်ရောက်ပြီးနောက် USCIS အနေဖြင့် အောက်ပါ အများပြည်သူဆိုင်ရာ အကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်းစားနိုင်သည်

**အာဟာရ အစီအစဉ်များ**

- ဖြည့်စွက် အာဟာရ ထောက်ပံ့ရေး အစီအစဉ် (SNAP)
- အမျိုးသမီးများ၊ မွေးကင်းစ ကလေးငယ်များနှင့် ကလေးများ အတွက် အထူး ဖြည့်စွက် အာဟာရ အစီအစဉ် (WIC)
- အရေးပေါ် အစားအစာ အကူအညီပေးရေး ဥပဒေ (TEFAP) အရ အကျိုးခံစားခွင့်များ
- ကလေးနှင့် လူကြီး စောင့်ရှောက်ရေး အစားအစာ အစီအစဉ် (CACFP)
- အိန္ဒိယလူမျိုး ဘိုကင်တင်သော အစားအစာ ဖြန့်ဝေရေး အစီအစဉ် (FDPIR)

**ကျန်းမာရေး အစီအစဉ်များ**

- မက်ဒီကိတ် (Medicaid)၊ ကလေးများ ကျန်းမာရေး အာမခံ အစီအစဉ် (CHIP) နှင့် တတ်နိုင်သော ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေ တို့မှတစ်ဆင့် ရရှိသော ကျန်းမာရေး အာမခံ
- အိမ်နှင့် အသိုက်အဝန်း အခြေပြု ဝန်ဆောင်မှုများ (HCBS)

**အိမ်ရာ အစီအစဉ်များ**

- ပုဒ်မ ၈ ကဲ့သို့သော အများပြည်သူဆိုင်ရာ အိမ်ရာ အစီအစဉ်များ
- အိမ်သုံးစွမ်းအင် အကူအညီပေးရေး အစီအစဉ် (HEAP)

**ပညာရေးနှင့် အခြား အစီအစဉ်များ**

- ကလေးအတွက် အခွန် ခရက်ဒစ် (CTC) သို့မဟုတ် လုပ်အားခအပေါ် မူတည်၍ ရရှိသော အခွန်သက်သာခွင့် သို့မဟုတ် အခွန် ခရက်ဒစ် (EITC) အပါအဝင် အခြားသော အခွန်နှင့်ဆိုင်သော ငွေကြေး အကျိုးခံစားခွင့်များ

တစ်ဦးချင်းစီ၏ အသက်အရွယ်၊ ကျန်းမာရေး၊ မိသားစု အခြေအနေ၊ ပိုင်ဆိုင်မှုများ၊ အရင်းအမြစ်များနှင့် ငွေကြေး အခြေအနေ၊ ပညာရေးနှင့် ကျွမ်းကျင်မှုများ အပြင် ထောက်ပံ့မှု ဆိုင်ရာ ကျမ်းကျိန်လွှာ တို့ကိုလည်း ပြည်သူ့ဝန်ထုပ်ဝန်ပိုး သတ်မှတ်ရာတွင် ထည့်သွင်း စဉ်းစား နိုင်ပါသည်။

ဤစာရင်းသည် ဆက်လက် ပြောင်းလဲ နေဆဲဖြစ်ပြီး နောက်ထပ် အပြောင်းအလဲများ ရှိလာနိုင်ပါသည်။ နောက်ထပ် လမ်းညွှန်ချက်များ အနာဂတ်တွင် ထပ်မံ ထွက်ပေါ်လာနိုင်ပါသည်။

## မည်သည့် လူဝင်မှုကြီးကြပ်ရေး အခြေအနေများတွင် ပြည်သူ့ဝန်ထုပ်ဝန်ပိုး သတ်မှတ်ချက် အကျုံးဝင်ပြီး၊ မည်သည်တို့ အကျုံးမဝင်သနည်း။

ပြည်သူ့ဝန်ထုပ်ဝန်ပိုး သတ်မှတ်ချက်သည် ဥပဒေအရ အမြဲတမ်း နေထိုင်ခွင့် LPR ဖြစ်လာရန် လုပ်ဆောင်နေသူများ (ဆိုလိုသည်မှာ ဂရင်းကတ် ရယူမည့်သူများ) သို့မဟုတ် အမေရိကန် ပြည်ထောင်စုသို့ ပြောင်းရွှေ့နေထိုင်ရန် လာရောက်သူများ အတွက် အကျုံးဝင်ပါသည်။ ထို့ပြင် အမေရိကန် ပြည်ထောင်စုမှ ရက်ပေါင်း ၁၈၀ ကျော် ထွက်ခွာ သွားပြီးနောက် ပြန်လည် ဝင်ရောက် လာကြသော LPR များ အတွက်လည်း အကျုံးဝင်နိုင်ပါသည်။

အမြဲတမ်း နေထိုင်ခွင့် လျှောက်ထား နေကြသော်လည်း အောက်ပါ ပုဂ္ဂိုလ်များ၁ အတွက် ပြည်သူ့ ဝန်ထုပ်ဝန်ပိုး စမ်းသပ် စစ်ဆေးမှု အကျုံးမဝင်ပါ-

- **ခိုလှုံခွင့် တောင်းခံသူများ (Asylees)**
- **ဒုက္ခသည်များ (Refugees)**
- **အိမ်တွင်း အကြမ်းဖက်မှု၊ လူကုန်ကူးမှု သို့မဟုတ် ပြင်းထန်သော ရာဇဝတ်မှုများမှ လွတ်မြောက် လာသူများ (VAWA၊ T ဗီဇာ ကိုင်ဆောင်သူများ သို့မဟုတ် U ဗီဇာ ကိုင်ဆောင်သူများ)**
- **အထူး လူဝင်မှုကြီးကြပ်ရေး ကလေးသူငယ် အဆင့်အတန်း (SIJ) ရှိသော ကလေးများ သို့မဟုတ် လူငယ်များ**
- **ဂရင်းကတ် သက်တမ်းတိုးနေသူများ**

ပြည်သူ့ဝန်ထုပ်ဝန်ပိုးသည် အမေရိကန် နိုင်ငံသားများအတွက် မသက်ဆိုင်ပါ။

—————————————

၁။ အောက်ဖော်ပြပါ အမျိုးအစား များစွာမှ ဆင်းသက် လာသော ဗီဇာ ကိုင်ဆောင် ထားကြပြီး ဂရင်းကတ်ကို ပထမဆုံး အကြိမ် ရယူရန် ကြိုးပမ်း နေသူများသည် လူဝင်မှု ကြီးကြပ်ရေး ရှေ့နေ တစ်ဦးနှင့် တိုင်ပင်ဆွေးနွေးသင့်ပါသည်။

## ယခင်က အကျိုးခံစားခွင့်များကို ရယူခဲ့သူသည် ပြည်သူ့ဝန်ထုပ်ဝန်ပိုး ဟုတ်မဟုတ် ဆုံးဖြတ်ခံရမည်လား။

မူဝါဒ အသစ်သည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် သက်ရောက်မည်။ ထိုရက် နောက်ပိုင်းတွင် လျှောက်ထား ရယူသော အကျိုး ခံစားခွင့်များ အပြင် အကျိုး ခံစားခွင့်များကို ဆက်လက် ရယူနေမှုများကိုသာ ပြည်သူ့ဝန်ထုပ်ဝန်ပိုး သတ်မှတ်ချက်တွင် ထည့်သွင်း စဉ်းစား နိုင်မည်။ ထိုအချိန် အထိ လက်ရှိ ဘိုင်ဒန် အစိုးရ၏ ၂၀၂၂ ခုနှစ် စည်းမျဉ်း သည်သာ သက်ရောက်လျက် ရှိသည်။

## မိဘ၏ လျှောက်လွှာတွင် ကလေး၏ အကျိုးခံစားခွင့် ရယူမှုကို ပြည်ထဲရေး ဝန်ကြီးဌာန (DHS) က ထည့်သွင်း စဉ်းစား နိုင်ပါသလား။

ဟုတ်ကဲ့၊ စည်းမျဉ်း အသစ် အရ "မှီခိုသူ" (ဥပမာ- ကလေးငယ်) တစ်ဦးက အကျိုးခံစားခွင့်များကို ရယူခဲ့ခြင်းနှင့် အဆိုပါ မှီခိုသူက အကျိုးခံစားခွင့်များ ရယူနေစဉ် ကာလ အတွင်း လျှောက်ထားသူ၏ စီးပွားရေး အခြေအနေ များကိုပါ ပြည်ထဲရေး ဝန်ကြီးဌာန (DHS) က ထည့်သွင်း စဉ်းစားခွင့် ရှိသည်။

## အကူအညီ လိုအပ်ပါက ဘယ်ကိုသွားရမလဲ။

စည်းမျဉ်းအသစ်သည် ၎င်းတို့၏ လက်ရှိ အမှုတွဲများအပေါ် သက်ရောက်မှု ရှိမရှိ မသေချာပါက လူတစ်ဦးချင်းစီနှင့် မိသားစုများ အနေဖြင့် လူဝင်မှုကြီးကြပ်ရေး ရှေ့နေ သို့မဟုတ် ယုံကြည် စိတ်ချရသော တရားဝင် ဆက်သွယ်သူထံ ဆက်သွယ်ပါ။ ရှေ့နေ မရှိပါက ယုံကြည် စိတ်ချရသော လူထုအခြေပြု အဖွဲ့အစည်းများနှင့် တရားဝင် ဥပဒေရေးရာ အုပ်စုများနှင့် ချိတ်ဆက်ပါ။

နယူးယောက်မြို့တွင် အောက်ပါ နံပါတ်များသို့ ခေါ်ဆိုနိုင်ပါသည်-

- **နယူးယောက် မြို့တော်ဝန်၏ လူဝင်မှု ကြီးကြပ်ရေးရာ ရုံး၏ လူဝင်မှု ကြီးကြပ်ရေး တရားဥပဒေ အထောက်အကူပြု ဖုန်းလိုင်း - (800) 0365-354 သို့ ခေါ်ဆိုပါ (သို့မဟုတ်) 311 ကိုခေါ်ဆိုပြီး လူဝင်မှု ကြီးကြပ်ရေး ဥပဒေ "Immigration Legal (အသံထွက်- အင်မီဂရေးရှင်း လီဂယ်)" ဟု ပြောပါ။**
- **သင့်ဒေသရှိ တရားဥပဒေဆိုင်ရာ အကူအညီများ အတွက် နယူးယောက် ပြည်နယ် လူသစ်များဆိုင်ရာ ရုံး၏ ဖုန်းလိုင်း - (800) 7636-566 သို့ ခေါ်ဆိုပါ။**